# မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း
# အင်ဂျင်နီယာ သတင်းလွှာ

သတင်းနှင့် ပြန်ကြားရေးကော်မတီမှ ထုတ်ဝေသည်။

အတွဲ ၁၊ အမှတ် ၃ | အင်ဂျင်နီယာစွမ်းအား ပြည်ထွန်းကား | မေလ၊ ၂၀၁၈။


## MES လှုပ်ရှားမှုသတင်းများ




ဧပြီလ(၁)ရက်နေ့က မြစ်ကြီးနားမြို့တွင် ပြုလုပ်သော မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ ကချင်ပြည်နယ်အသင်းခွဲ (မြစ်ကြီးနား) နှစ်ပတ်လည် အသင်းသားစုံညီညီလာခံသို့ ဥက္ကဋ္ဌ ဦးအောင်မြင့်၊ VP ဦးလင်း၊ GS ဦးတင်လတ်နှင့် JGS ဦးဝင်းမောင်တို့ သွားရောက်ပါသည်။

ဧပြီလ(၅)ရက်နေ့ကချင်းတွင်းကောလိပ် (ရန်ကုန်) Higher National Diploma သင်တန်း Mathematics for Construction ဖြေဆိုမှုသို့တွဲဖက် ဘဏ္ဍာရေးမှူးဦးကြည်လွင်သွားရောက်ကြီးကြပ်ပါသည်။

ဧပြီလ(၅)ရက်နေ့က ရန်ကင်းမြို့နယ်တွင် ပြုလုပ်သော the First Public Meeting of "The Garden for the People Project " of Kajima Yankin PPP Co., Ltd. သို့ VP ဦးလင်းနှင့် Environmental Committee Members များ တက်ရောက်ပါသည်။

ဧပြီလ(၆)ရက်နေ့က ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ပြုလုပ်သော (၁၀)ကြိမ်မြောက် သိပ္ပံနှင့် အင်ဂျင်နီယာ ပညာရပ်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ (၂၀၁၈) ကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ VP ဒေါက်တာခင်စန္ဒာထွန်း တက်ရောက်ပါသည်။

ဧပြီလ(၇)ရက်နေ့က Sule Shangri-La Hotel တွင် ပြုလုပ်သော ထိုင်းနိုင်ငံသံရုံး၏ ကူညီပံ့ပိုးမှု၊ ထိုင်းစီးပွားရေးလုပ်ငန်းရှင်များအသင်း (မြန်မာ)၏ အားပေးကူညီမှုဖြင့် ထိုင်းတက္ကသိုလ်ဘွဲ့ရ မြန်မာကျောင်းသားဟောင်းများအသင်းမှ ဦးစီးကျင်းပသည့် ပထမဦးဆုံးထိုင်းတက္ကသိုလ်ပေါင်းစုံပညာရေးပြပွဲ (၂၀၁၈) Thai Education Fair 2018 သို့ VP ဒေါက်တာခင်စန္ဒာထွန်း တက်ရောက်ပါသည်။

ဧပြီလ(၁၀)ရက်နေ့က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီး ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှ တားဆီးကာကွယ်ရေးကြီးကြပ်မှုအဖွဲ့၏(၁/၂၀၁၈) အကြိမ်ညှိနှိုင်းအစည်းအဝေးသို့ VP ဒေါက်တာချိုဝင်းမော် နှင့် ဗဟိုကော်မတီအထူးအဖွဲ့ဝင် ဒေါ်မူမူအေးတို့ တက်ရောက်ပါသည်။




ဧပြီလ(၁၀ မှ ၁၂)အထိမလေးရှားနိုင်ငံ၊ Kuala Lumpur Convention Centre (KLCC) တွင်ကျင်းပပြုလုပ်သော ASIA WATER 2018 Conference သို့ VP ဦးခင်မောင်ဌေးနှင့် CEC ဒေါ်ဌေးဌေးဝင်းတို့ သွားရောက်ပြီး "Water Quality Knowledge and Demanded of Market" ခေါင်းစဉ်ဖြင့် VP ဦးခင်မောင်ဌေးက Presentation ပြုလုပ်ခဲ့ပါသည်။

ဧပြီလ(၁၁)ရက်နေ့က Aureum Palace Hotel (နေပြည်တော်) တွင် IUCN and NWRC တို့ပူးပေါင်းစီစဉ်သော “The UN Watercourses convention: A window of opportunity for cooperation” အခမ်းအနားသို့ CEC ဦးလှဘော် နှင့် ကော်မတီအဖွဲ့ဝင်များပါဝင်ဆောင်ရွက်ပါသည်။




ဧပြီလ(၁၁)ရက်နေ့က President Officeတွင် ဥက္ကဋ္ဌဦးအောင်မြင့်၊ VPဦးလင်း၊ GSဦးတင်လတ်၊တွဲဖက်အထွေထွေအတွင်းရေးမှူးများဖြစ်ကြသော ဒေါ်ကြည်ကြည်ပြုံး၊ ဦးလှကြိုင်တို့က MES Air-Con TD (ODS) Survey Project မှရရှိသည့်ငွေထဲမှာ NSSA အတွင်းရေးမှူးဒေါ်ခင်မာအေး၊ မြန်မာ့ Air-Conditioning အသင်း ဥက္ကဋ္ဌဦးကျော်ဆွေနှင့်တွဲဖက်အထွေထွေအတွင်းရေးမှူး U Nanda KyawSwarHtoo တို့အား ငွေကျပ်(၁၅) သိန်းကို NSSA မှ ဦးဆောင်ကျင်းပသည့် Air Conditioning ပြိုင်ပွဲရွေးချယ်မှုနှင့် ASEAN Competition ပြိုင်ပွဲဝင်များလေ့ကျင့်ရေးအတွက် ပေးအပ်လှူဒါန်းခြင်း ဖြစ်ပါသည်။

ဧပြီလ(၁၂ မှ ၁၄)ရက်နေ့အထိ Venetian Macao တွင် ကျင်းပပြုလုပ်သည့် The 2018Mzcao International Environmental Co-operation Forum & Exhibition (2018MIECF) သို့ CEC ဦးခင်မောင်မောင်၊ CC ဒေါက်တာအောင်လေးတင်နှင့် BEI – Green Building Chairman ဒေါက်တာဆွေဆွေအေးတို့ သွားရောက်ပါသည်။

ဧပြီလ(၂၀ မှ ၂၂)ရက်နေ့အထိငပလီကမ်းခြေသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ တောင်းဆိုမှုအရ Scoping Survey for Ngapali Beach Environmental Management Plant နှင့်ပတ်သက်ပြီးလေ့လာရန် JGS ဦးစိုးမြင့်နှင့် Environmental Committee, Secretary ဦးရန်နိုင်အောင်တို့ သွားရောက်ပါသည်။

ဧပြီလ(၂၁)ရက်နေ့ကမလေးရှား နိုင်ငံတွင် ပြုလုပ်သော IEM 59th Annual Dinner and Awards Night 2018 သို့ ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် အထွေထွေအတွင်းရေးမှူး ဦးတင်လတ်တို့ တက်ရောက်ခဲ့ပါသည်။

ဧပြီလ(၂၃)ရက်နေ့ကရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ပြုလုပ်သော YBS အစည်းအဝေးသို့ ဥက္ကဋ္ဌ ဦးအောင်မြင့် တက်ရောက်ခဲ့ပါသည်။

ဧပြီလ(၂၄)ရက်နေ့က အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ နေပြည်တော်တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမြန်မာနိုင်ငံလုပ်သားများကကျွမ်းကျင်မှု‘စံ’သတ်မှတ်ပြဌာန်းရေးအဖွဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ကကျွမ်းကျင်လုပ်သား ၅၀၀၀ ဦး စစ်ဆေးအကဲဖြတ်ပြီးစီးမှုနှင့် ပတ်သက်သော Evaluation Meeting သို့ JGS ဦးလှကြိုင် တက်ရောက်ပါသည်။

ဧပြီလ(၂၅ မှ ၂၇)ရက်နေ့အထိဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် ကျင်းပပြုလုပ်သော 29th Asia Welding Federation (AWF) Meeting နှင့် Japan International Welding Show (JIWS) သို့ VP ဦးအုန်းမြင့်၊ GS ဦးတင်လတ်၊ အကျိုးဆောင် စာရင်းစစ်ဦးလှဝင်းနှင့် CC ဦးအောင်သက်ပိုင်တို့ သွားရောက်ပါသည်။

ဧပြီလ(၂၆)ရက်နေ့က MES President Office တွင် MES မှ VP ဒေါက်တာခင်စန္ဒာထွန်း၊ JGS ဦးစိုးမြင့်၊ CEC ဦးခင်မောင်ဝင်း နှင့် SIEMENS Training Support မှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပါသည်။

ဧပြီလ(၂၆)ရက်နေ့က ဆူးလေမြန်မာနိုင်ငံမီးသတ်ဌာနတွင် Women Engineers Chapter, Myanmar Engineering Society (MES-WE) မှ VP Dr.ခင်စန္ဒာထွန်း၊ CEC Dr. မြမြခိုင်၊ CEC ဒေါ်မြမြဝင်းတို့ ဦးဆောင်၍ လှိုင်သာယာမြို့နယ် ထိန်ပင်အမှိုက်ပုံမီးလောင်ကျွမ်းမှုတွင် မီးငြိမ်းသတ်လျက်ရှိသည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုငွေကျပ် တစ်ဆယ်သိန်း သွားရောက်လှူဒါန်းခဲ့ပါသည်။

ဧပြီလ(၂၇)ရက်နေ့က မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီတွင် ပြုလုပ်သော မြန်မာနိုင်ငံကောင်စီမှ Task Force အဖွဲ့ဝင်များနှင့် မြရိပ်ညိုတွင် တာဝန်ခံဆောက်လုပ်သည့် အင်ဂျင်နီယာများတွေ့ဆုံဆွေးနွေးသည့် အစည်းအဝေးသို့ ဥက္ကဋ္ဌ ဦးအောင်မြင့် တက်ရောက်ခဲ့ပါသည်။

ဧပြီလ(၂၇)ရက်နေ့က MKT ရှင်းလင်းဆောင်တွင် ပြုလုပ်သောဆေးတက္ကသိုလ် (1) National Skill Training, Simulation and Research Center (8 ½) အဆောက်အဦ ဆောက်လုပ်ရေးလုပ်ငန်းများဆွေးနွေးရန် အစည်းအဝေးသို့ ဥက္ကဋ္ဌ ဦးအောင်မြင့် တက်ရောက်ခဲ့ပါသည်။



ဧပြီလ(၃၀)ရက်နေ့ကMES Meeting Room-2 တွင် AER Chapter အစည်းအဝေး ပြုလုပ်ပါသည်။
AER Chapter မှ ၂၀၁၈ ခုနှစ်အတွက် AE, AAE, AET, AT လျှောက်ထားသူများအား စိစစ်ခြင်း AE လျှောက်ထားသူ ၄၃ ဦး၊ AAE လျှောက်ထားသူ ၈၅ ဦး၊ AET လျှောက်ထားသူ ၄ ဦးနှင့် AT လျှောက်ထားသူ ၇၂ ဦး စုစုပေါင်း (၂၀၄) ဦးတို့ကို (၃၀၊ ၄၊ ၂၀၁၈) ရက်နေ့တွင် စီစစ်ခဲ့ပါသည်။

# စာတမ်းဖတ်ပွဲများ

ဧပြီလ(၁)ရက်(တနင်္ဂနွေ)နေ့က MES Function Hall တွင် MES - Water Resources Engineering TD နှင့် Advisory Group of Nation Committee of Water Resources (NWRC) မှ ကြီးမှူးကျင်းပသော "Seminar on Myanmar and Groundwater" ခေါင်းစဉ်ဖြင့်ဟောပြောပွဲ ပြုလုပ်ပါသည်။







ဧပြီလ(၁၁)ရက်နေ့က MES Function Hall တွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ ကြီးကြပ်မှုဖြင့် "Bridge Engineering Forum 2018" ပြုလုပ်ခဲ့ပြီး "Inspection and Maintenance of Bridge"ခေါင်းစဉ်ဖြင့်ဦးသန်းဆွေ(အင်ဂျင်နီယာချုပ် (ငြိမ်း)၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန) မှလည်းကောင်း၊ "Prediction of Atmospheric Corrosion Rate for Structural Steel in Myanmar" ခေါင်းစဉ်ဖြင့် ဒေါက်တာဉာဏ်မြင့်ကျော် (ပါမောက္ခ/ဌာနမှူး၊ မြို့ပြအင်ဂျင် နီယာဌာ၊ ရန်ကုန်နည်းပညာတက္ကသိုလ်) မှလည်းကောင်း၊ "Railway Bridge Maintenance & Production of Pre-tensioned Railway Girder" ခေါင်းစဉ်ဖြင့် ဦးတင်စိုး(အင်ဂျင်နီယာချုပ်(ငြိမ်း)၊ မြို့ပြ၊ မြန်မာ့မီးရထား)မှလည်းကောင်းဟောပြောခဲ့ပြီး Panel Discussion တွင် ဥက္ကဋ္ဌဦးအောင်မြင့်၊ ဦးခင်မောင်တင့်၊ ဒေါက်တာဉာဏ်မြင့်ကျော်၊ ဦးသန်းဆွေ၊ ဦးခင်မောင်ဦး၊ ဦးငွေးမြင့် တို့ ဆောင်ရွက်ခဲ့သည့် CPD 6 hrs ပေးသော ဟောပြောပွဲ ပြုလုပ်ပါသည်။







ဧပြီလ(၂၁)ရက်နေ့က MES Function Hall တွင် MES-WATSAN TD နှင့် Waterplus Spore Pte Ltd. တို့ ပူးပေါင်းစီစဉ်သော "Sustainable and Effluent Water Treatment for Industries" ခေါင်းစဉ်ဖြင့် Roland Limç Chief Executive Officerç Waterplus Spore Pte Ltd., Water+LLP, Thago Waters Sdn Bhd. မှဟောပြောသည့် CPD 3 hrs ပေးသော ဟောပြောပွဲ ပြုလုပ်ပါသည်။

ဧပြီလ(၂၉)ရက် (တနင်္ဂနွေ) နေ့က MES Function Hall တွင် Mining Engineering TD မှ စီစဉ်သော 'လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် ကျောက်မီးသွေး၏ အခန်းကဏ္ဍ' ခေါင်းစဉ်ဖြင့် ဦးထွန်းထွန်း (ညွှန်ကြားရေးမှူး(ငြိမ်း)၊ အမှတ်(၃)၊ သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန) မှ ဟောပြောသည့် CPD 3 hrs ပေးသော ဟောပြောပွဲ ပြုလုပ်ပါသည်။

# သင်တန်းများ




ဧပြီလ(၂၈)ရက် နေ့က Training Room တွင် 1st Batch of Welding Engineer (WE) Course Training Lecture ပြုလုပ်သည်။

ဧပြီလ(၂၈)ရက်နေ့က Seminar Room တွင် 3rd Batch of Welding Engineer (WE) Course Training Lecture ပြုလုပ်သည်။










ဧပြီလ(၆) ရက်နေ့က Function Hall တွင် Certification Ceremony of Automobile Training ပြုလုပ်သည်။

# အစည်းအဝေးများ

ဧပြီလ(၅)ရက်နေ့က MES Conference Room တွင် ဆဋ္ဌမအကြိမ်မြောက် အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးအင်ဂျင်နီယာ ဗိသုကာ ပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲနှင့် ပတ်သက်ပြီး Social Committee အစည်းအဝေး ပြုလုပ်ပါသည်။







ဧပြီလ(၇)ရက်နေ့က MES conference Room တွင် CEC အစည်းအဝေး ပြုလုပ်သည်။




ဧပြီလ(၁၁)ရက်နေ့က MES Meeting Room-1 တွင် "Coordination Meeting for IAP Program" ပြုလုပ်ပါသည်။




ဧပြီလ(၂၄)ရက်နေ့က MES Conference Room တွင် "Meeting between MICEG and Kajima Project Team" ပြုလုပ်ပါသည်။




ဧပြီလ(၂၇)ရက်နေ့က MES Conference Room တွင် "Meeting between MICEG & FACE" ပြုလုပ်ပါသည်။

# အထွေထွေ

## မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဆိုသည်မှာ-

Myanmar Engineering Society(MES) သည် အင်ဂျင်နီယာ အသက်မွေးဝမ်းကျောင်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်လိုသော အင်ဂျင်နီယာများက ဖွဲ့စည်းတည်ထောင်ထားသည့် အစိုးရမဟုတ်သော (Non-Government) နိုင်ငံရေးနှင့်မပတ်သက်သော(Non-Political)၊ အမြတ်အစွန်းရရှိရေးအတွက် မဟုတ်သော (Non-Profit)၊ ပညာရှင် အဖွဲ့အစည်း(Professional)ဖြစ်ပါသည်။ အင်ဂျင်နီယာဒီပလိုမာရရှိသူများ၊ အင်ဂျင်နီယာဘွဲ့အဆင့်ဆင့်ရရှိသူများ နှင့်အင်ဂျင်နီယာပညာရပ်ဖြင့်အသက်မွေးဝမ်းကျောင်းသူများ၊ အင်ဂျင်နီယာတက္ကသိုလ်များတွင် တက်ရောက်သင် ကြားနေဆဲ ကျောင်းသား/ကျောင်းသူများအဖွဲ့ဝင်အဖြစ်ပါဝင်နိုင်သော လူမှုအဖွဲ့အစည်း (Social Organization) အဖြစ်ပြည်ထဲရေးဌာနတွင် မှတ်ပုံတင်ထားသော အဖွဲ့အစည်းဖြစ်ပါသည်။

## မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဆိုသည်မှာ-

Myanmar Engineering Council သည်အင်ဂျင်နီယာပညာရှင်များအရည်အသွေး စီစစ်မှတ်ပုံတင်ထုတ်ပေးရေးနှင့် အင်ဂျင်နီယာပညာရေး အရည်အသွေးအာမခံမှု အသိအမှတ်ပြုရေးတို့အတွက် နိုင်ငံတကာနှင့်ဒေသဆိုင်ရာအပြန် အလှန်သဘောတူညီချက်များအရ ပြည်ထောင်စု လွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ ပြည်ထောင်စုအစိုးရကဖွဲ့စည်း ပေးသော ပြည်ထောင်စုအဆင့်ထိန်းသိမ်းကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (Union Regulatory and Statutory Body) ဖြစ်ပါသည်။ ထိုက်သင့်သည့် လုပ်သက်ရရှိပြီးသော အင်ဂျင်နီယာဘွဲ့/ဒီပလိုမာရယူထားပြီး အင်ဂျင်နီယာပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများသည် အများပြည်သူများဘေးကင်းလုံခြုံရေးအတွက် ဥပဒေဖြင့်ကန့်သတ်ထားသော အင်ဂျင်နီယာလုပ်ငန်းများ ကြီးကြပ်လုပ်ဆောင်ခွင့်လက်မှတ် ထုတ်ပေးနိုင်သော အဖွဲ့အစည်းဖြစ်ပါသည်။




ဧပြီလ(၇)ရက်နေ့က YE သင်္ကြန်အကြိုအလှူလုပ်ပါသည်။




ဧပြီလ(၉)ရက်နေ့က MES Conference Room တွင်အထွေထွေ အတွင်းရေးမှူး ဦးတင်လတ်နှင့် ဝန်ထမ်းများအစည်းအဝေး ပြုလုပ်ပါသည်။




ဧပြီလ(၁၂)ရက်နေ့က MES ဝန်ထမ်းများ သင်္ကြန်အကြို အလှူလုပ်ပါသည်။







**ဆက်သွယ်ရန်**

လစဉ်ထုတ် ဤသတင်းလွှာတွင် ကြော်ငြာထည့်သွင်းလိုပါက ဦးလှမြင့် – ဖုန်း ၀၉၄၂၅၀၂၃၃၄၃ သို့ ဆက်သွယ်၍ Email : tdm.mes@gmail.com သို့ ပေးပို့နိုင်ပါသည်။